★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများ ပါတီဝင်အင်အားစုဆောင်းခြင်းနှင့် စပ်လျဉ်းသည့်

# ညွှန်ကြားချက်အမှတ် (၂/၂၀၁၀) ထုတ်ပြန်

နေပြည်တော် ဇွန် ၂၂

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၀ပြည့်နှစ် ဇွန် ၂၁ရက်စွဲဖြင့် ညွှန်ကြားချက်အမှတ်(၂/၂၀၁၀)ကို ထုတ်ပြန်လိုက်သည်။ အဆိုပါညွှန်ကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -**

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ညွှန်ကြားချက်အမှတ် (၂/၂၀၁၀)
၁၃၇၂ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ရက်
(၂၀၁၀ပြည့်နှစ်၊ ဇွန်လ ၂၁ရက်)

အကြောင်းအရာ ။ **နိုင်ငံရေးပါတီများ ပါတီဝင်အင်အားစုဆောင်းခြင်း**

**နိဒါန်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ပြည့်နှစ်တွင် ကျင်းပပေးနိုင်ရေးအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ နိုင်ငံရေးပါတီများ တည်ထောင်ခွင့်ပြုခြင်းနှင့် မှတ်ပုံတင်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများသည် ပုဒ်မ ၁၀နှင့် ကိုက်ညီသော ပါတီဝင်များကို စည်းရုံးပြီး၊ ပုဒ်မ ၁၁နှင့် နည်းဥပဒေ ၁၃(က) (ခ)တို့အရ သတ်မှတ်ထားသည့် ပါတီဝင်အင်အားပြည့်မီအောင် စည်းရုံးရရှိပြီးဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရမည် ဖြစ်ပါသည်။

၃။ သို့ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မှတ်ပုံတင်ခွင့် ရရှိပြီးသော နိုင်ငံရေးပါတီများက သတ်မှတ်ပါတီဝင်အင်အား စုဆောင်းရရှိရေးအတွက် စည်းရုံးရာတွင် ဥပဒေနှင့်အညီ စနစ်တကျဖြစ်စေရန် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၆ အရ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

*စာမျက်နှာ ၆ ကော်လံ ၁* ✻

*✻ ကျောဖုံးမှ*

**ဆောင်ရွက်ရန်နည်းလမ်းများ**

၄။ နိုင်ငံရေး ပါတီများသည် သတ်မှတ်ပါတီဝင်အင်အား စုဆောင်းရရှိရေးအတွက် အောက်ဖော်ပြပါနည်းလမ်းများကို အသုံးပြုနိုင်သည်-

(က) သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်သည့်နေရာတွင် စုဝေးခြင်းနှင့် ဟောပြောတင်ပြခြင်း၊

(ခ) ရေးသားပုံနှိပ်ထုတ်ဝေတင်ပြခြင်း။

**စုဝေးခွင့်နှင့် ဟောပြောခွင့်လျှောက်ထားခြင်း**

၅။ သတ်မှတ်သည့်နေရာတွင် စုဝေးခြင်းနှင့် ဟောပြောခြင်း ပြုလုပ်လိုသော နိုင်ငံရေးပါတီများသည် အောက်တွင်ဖော်ပြထားသည့်အတိုင်း သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့ အနည်းဆုံး ခုနစ်ရက်ကြိုတင်၍ ခွင့်ပြုမိန့် လျှောက်ထားရမည်-

(က) ပြည်နယ် သို့မဟုတ် တိုင်း ကော်မရှင်အဖွဲ့ခွဲ ရုံးစိုက်ရာ မြို့နယ်များအတွက် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲ၊

(ခ) ခရိုင်ကော်မရှင်အဖွဲ့ခွဲ ရုံးစိုက်ရာမြို့နယ်များအတွက် သက်ဆိုင်ရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲ၊

(ဂ) အပိုဒ်ခွဲ(က)နှင့်(ခ)ပါ မြို့နယ်များမှအပ ကျန်မြို့နယ်များအတွက် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ။

၆။ ပါတီဌာနချုပ်နှင့် ပါတီရုံးခွဲများတွင် စုဝေးခြင်း၊ ဟောပြောခြင်းများကို ပြုလုပ်လိုပါက ခွင့်ပြုချက်လျှောက်ထားရန်မလိုဘဲ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့များသို့ အနည်းဆုံး ခုနစ်ရက်ကြိုတင်၍ အသိပေး တင်ပြရန်ဖြစ်သည်။

၇။ **လျှောက်ထားခွင့်ရှိသူများ။** အထက်အပိုဒ် ၅ အရ လျှောက်ထားရာတွင် သက်ဆိုင်ရာ နိုင်ငံရေးပါတီ၏ ဌာနချုပ်၊ ပြည်နယ် သို့မဟုတ် တိုင်း၊ ခရိုင်၊ မြို့နယ် ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးကဖြစ်စေ၊ ၎င်းအဆင့်များနှင့်တူညီသော တာဝန်ယူထားသည့် ပုဂ္ဂိုလ်ကဖြစ်စေ လက်မှတ်ရေးထိုး လျှောက်ထားရမည်။

၈။ **လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ။** ခွင့်ပြုမိန့် လျှောက်ထားရာတွင် သက်ဆိုင်ရာ နိုင်ငံရေးပါတီများသည် စုဝေးခြင်းနှင့် ဟောပြောခြင်းများကို တားမြစ်ချက်များ၊ ခွင့်ပြုမိန့်ပါ သတ်မှတ်ချက်များ၊ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြလျှောက်ထားရမည့်အပြင် အောက်ပါအချက်များကိုလည်း လျှောက်လွှာတွင် အပြည့်အစုံ ဖော်ပြရမည်-

(က) ပြုလုပ်လိုသည့်နေရာ၊

(ခ) ပြုလုပ်လိုသည့်နေ့ရက်၊

(ဂ) စတင်မည့်အချိန်နှင့် ပြီးဆုံးမည့်အချိန် (ခန့်မှန်း)၊

(ဃ) တက်ရောက်မည့်အင်အား (ခန့်မှန်း)၊

(င) ဟောပြောမည့်ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များ၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာ၊

(စ) လျှောက်ထားသူ၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာ။

၉။ **ကော်မရှင်အဖွဲ့ခွဲက စိစစ်ဆောင်ရွက်ခြင်း။** သက်ဆိုင်ရာ ကော်မရှင် အဖွဲ့ခွဲသည် အထက်အပိုဒ် ၅၊၇ နှင့် ၈ တို့အရ ခွင့်ပြုမိန့် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍-

(က) လျှောက်ထားချက်ကို လိုအပ်သလိုစိစစ်ပြီး ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ခွင့်ပြုမိန့်ထုတ်ပေးပါက အောက်ပါ သတ်မှတ်ချက်များကို ခွင့်ပြုမိန့်တွင် ဖော်ပြရမည်-

(၁) ခွင့်ပြုသည့် နေ့ရက်နှင့် နေရာ၊

(၂) စတင်ရမည့်အချိန်နှင့် ပြီးဆုံးရမည့်အချိန်၊

(၃) ဟောပြောခွင့်ရရှိသည့်ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များ၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာ။

(ဂ) ခွင့်ပြုမိန့်ထုတ်ပေးရာတွင် စုဝေးခြင်းနှင့် ဟောပြောခြင်း ပြုလုပ်ရန် သတ်မှတ်သည့်နေရာသို့ အလံများကိုင်ဆောင်၍ လည်းကောင်း၊ စီတန်းလှည့်လည် ကြွေးကြော် ချီတက်ခြင်း မပြုရဟူ၍လည်းကောင်း၊ စုဝေးခြင်းနှင့် ဟောပြောခြင်း ပြီးဆုံးသည့်အခါ စီတန်းလှည့်လည် ကြွေးကြော် ချီတက်ခြင်း မပြုဘဲ လူစုခွဲရမည်ဟူ၍လည်းကောင်း စည်းကမ်းချက်များ သတ်မှတ်ဖော်ပြရမည်။

(ဃ) ခွင့်ပြုမိန့် ထုတ်ပေးရာတွင် အောက်ဖော်ပြပါ စည်းကမ်းချက်များကို လိုအပ်သလို သတ်မှတ်နိုင်သည်-

(၁) အစိုးရရုံးများ၊ အဖွဲ့အစည်းများ၊စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများ၊ ဈေးများ၊ အားကစားကွင်းများ၊ သာသနာရေးနှင့်ဆိုင်သည့် နေရာများ၊ စာသင်ကျောင်းများနှင့် ပြည်သူ့ဆေးရုံများ စသည့် လူစု လူဝေးရှိသည့် နေရာများကို အနှောင့်အယှက် မဖြစ်စေရန်၊

(၂) အဆောက်အအုံများ၊ ခန်းမများတွင် စုဝေးခြင်း၊ ဟောပြောခြင်းများ ပြုလုပ်ပါက ဝင်ဆံ့သည့်အရေအတွက်ထက် မကျော်လွန်စေရန်၊ (အဆောက်အအုံများနှင့် ခန်းမများ၏ ပြင်ပတွင် လူစုလူဝေးရှိမနေစေရန် တာဝန်ယူစေရမည်။)

(၃) စုဝေးခြင်း၊ ဟောပြောခြင်းပြုလုပ်ရန်ခွင့်ပြုသည့် နေရာသည် ကွင်းတစ်ခုခုဖြစ်ပါက ဝင်ဆံ့သည့် အရေအတွက်ထက် မကျော်လွန်စေရန်၊

(၄) တုတ်၊ ဓား၊ လက်နက်၊ ခဲယမ်းမီးကျောက်များနှင့် အခြားဘေးအန္တရာယ်ဖြစ်စေနိုင်သော အရာများကို ကိုင်ဆောင်ခြင်း မပြုရန်၊

(၅) ယာဉ်များသွားလာခြင်းကို အနှောင့်အယှက် မဖြစ်စေရန်နှင့် လမ်းများ ပိတ်ဆို့ခြင်းမပြုရန်၊

(၆) ပတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်စေရေးအတွက် (Sound Box) ကို ခွင့်ပြုသည့် အခန်းအတွင်း သို့မဟုတ် ကွင်းအတွင်း ကြားနိုင်ရုံသာ အသုံးပြုရန်၊

(၇) အသံချဲ့စနစ်ကို တည်ဆဲဥပဒေစည်းကမ်းများနှင့်အညီ အသုံးပြုရန်၊

(၈) အခြားသတ်မှတ်လိုသော စည်းကမ်းချက်များ။

(င) ခွင့်ပြုမိန့်ထုတ်ပေးပါက စုဝေးခြင်းနှင့် ဟောပြောခြင်း စတင် ပြုလုပ်မည့် အချိန်မတိုင်မီ ၄၈ နာရီထက် မနည်း ကြိုတင်ထုတ်ပေးရမည်။ ခွင့်ပြုမိန့် လျှောက်ထားခြင်းကို ငြင်းပယ်ပါက အကျိုးအကြောင်း ဖော်ပြလျက် စုဝေးခြင်းနှင့် ဟောပြောခြင်း စတင် ပြုလုပ်မည့် အချိန်မတိုင်မီ ၄၈နာရီထက် မနည်း ကြိုတင်အကြောင်းကြားရမည်။

(စ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ထောက်ရှု၍ လိုအပ်ပါက ခွင့်ပြုမိန့်ပါ သတ်မှတ်ချက်များနှင့် စည်းကမ်းချက်များကို ပြင်ဆင်ခြင်း သို့မဟုတ် ခွင့်ပြုမိန့်ကို ရုပ်သိမ်းခြင်း ပြုနိုင်သည်။

(ဆ) မိမိနယ်မြေဒေသအတွင်း စုဝေးခြင်းနှင့် ဟောပြောခြင်း ပြုလုပ်ရန် ခွင့်ပြုနိုင်မည့် အများပြည်သူတို့နှင့် သက်ဆိုင်သော နေရာဒေသများကို သက်ဆိုင်ရာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် ညှိနှိုင်း၍ ကြိုတင် သတ်မှတ်ထားရမည်။

(ဇ) စုဝေးခြင်း၊ ဟောပြောခြင်းတို့ကို ပျက်ပြားအောင် မပြုနိုင်စေရန်နှင့် နှောင့်ယှက်ခြင်း မပြုနိုင်စေရန် သက်ဆိုင်ရာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လုံခြုံရေး တပ်ဖွဲ့များမှ လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ဈ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ထိပါးမည့် အန္တရာယ်မှ ကာကွယ်နိုင်ရန် သက်ဆိုင်ရာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လုံခြုံရေးတပ်ဖွဲ့များမှ လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

**ရေးသားပုံနှိပ်ထုတ်ဝေတင်ပြခွင့်**

၁၀။ နိုင်ငံရေးပါတီများသည် မိမိတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ပြည်သူအများသိရှိစေရန် စာရွက်စာတမ်း၊ စာအုပ်နှင့် လက်ကမ်းစာစောင်များ ရေးသား၊ ပုံနှိပ်ထုတ်ဝေဖြန့်ချိလိုပါက ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေနှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့်စာပေစိစစ် ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့က ၁၇-၃-၂၀၁၀ ရက်စွဲဖြင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက် အမှတ် (၄၂)ပါအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

**တားမြစ်ချက်များ**

၁၁။ နိုင်ငံရေးပါတီများသည် စုဝေးခြင်း၊ ဟောပြောခြင်းနှင့် ရေးသားပုံနှိပ် ထုတ်ဝေဖြန့်ချိခြင်းတို့ ပြုလုပ်ရာတွင် အောက်ဖော်ပြပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ကျူးလွန်ခြင်း မပြုရ-

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးတို့ကို ထိခိုက်စေသည့် ပြုလုပ်မှု၊

(ခ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေသည့် ပြုလုပ်မှု၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာမှု မရှိခြင်း၊

(ဃ) နိုင်ငံတော်အား အကြည်ညိုပျက်စေရန် သို့မဟုတ် ဂုဏ်သိက္ခာ ထိပါးစေရန် ဟောပြောခြင်း၊ ရေးသားပုံနှိပ် ထုတ်ဝေခြင်း၊

(င) တပ်မတော်ပြိုကွဲရေးကို ဖြစ်ပေါ်စေရန် သို့မဟုတ် တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန် ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

(စ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့် ပတ်သက်၍ ပဋိပက္ခ ဖြစ်ပေါ်စေနိုင်သည့်၊ သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ရေးသားမှု၊ ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှု ပြုလုပ်ခြင်း၊

(ဆ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစား ပြုလုပ်ခြင်း၊

(ဇ) ငြိမ်းချမ်းစွာပညာသင်ကြားရေးကို ထိခိုက်ပျက်ပြားစေရန် သွေးထိုး လှုံ့ဆော်ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

(ဈ) နိုင်ငံ့ဝန်ထမ်းများအား ယင်းတို့၏ တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်စေရန် သို့မဟုတ် အစိုးရအား ဆန့်ကျင် ဆန္ဒပြစေရန် သွေးထိုး လှုံ့ဆော်ဟောပြောခြင်း၊ ရေးသား ပုံနှိပ် ထုတ်ဝေခြင်း။

၁၂။ နိုင်ငံရေးပါတီများသည် မိမိတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များကို စုဝေးဟောပြောခြင်းနှင့် ရေးသားပုံနှိပ်ထုတ်ဝေ ဖြန့်ချိခြင်းတို့ ပြုလုပ်ရာတွင် တည်ဆဲဥပဒေများ၊ ဤညွှန်ကြားချက်ပါ တားမြစ်ချက်များ၊ ခွင့်ပြုမိန့်ပါ သတ်မှတ်ချက်များနှင့် စည်းကမ်းချက်များကို မဆန့်ကျင်စေရ။

၁၃။ နိုင်ငံရေးပါတီများသည် ဤညွှန်ကြားချက်တွင် ဖော်ပြပါရှိသည့် တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ခွင့်ပြုမိန့်ပါ သတ်မှတ်ချက် သို့မဟုတ် စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည့်အပြင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရလည်း အရေးယူခြင်းခံရမည်ဖြစ်သည်။

**နိဂုံး**

၁၄။ သို့ဖြစ်၍ နိုင်ငံရေးပါတီများသည် ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ဖြစ်စေရေးအတွက် ပါတီဝင်အင်အား စုဆောင်းရာတွင် စုဝေးခြင်း၊ ဟောပြောခြင်း၊ ပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်းများ ပြုလုပ်ကြရာ၌ ဤညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

The New Lights of Myanmar, Wednesday, June 23, 2010.

## Union Election Commission issues Directive No.2/2010

NAY PYI TAW, 22 June – The Union Election Commission issued Directive No.2/2010 dated 21 June 2010. The informal translation of the directive is as follows:-

Union of Myanmar
Union Election Commission
Nay Pyi Taw
Directive No.2/2010
10th Waxing of First Waso 1372 ME
(21 June 2010)

Subject: **Enlisting the strength of political parties Introduction**

1. For holding a free and fair multi-party democracy general election in 2010, the Union Election Commission is granting permission to set up political parties and register as political parties in accord with the Political Parties Registration Law.

2. Under Section 9 of Political Parties Registration Law, the parties that have been granted permission to register as political parties shall have to submit a report to the UEC that they have enlisted the prescribed strength of their parties in accord with Section11 and Rule 13(a)(b) after mobilizing their members in accordance with Section 10.

3. The UEC, therefore, has issued the directive under Section 26 of Political Parties Registration Law in order that the political parties that have been granted permission to register shall act in conformity with the law in enlisting the prescribed number of party members.

Procedures to follow

4. Political parties may follow the following procedures for enlisting the prescribed number of party members:-

(a) Assembling and giving speeches at a designated place with the permission of the sub-commission concerned

(b) Writing, printing and publishing

Applying for permission to assemble and give speeches

5. Those political parties that want to assemble and give speeches at a designated place shall have to apply to the sub-commission concerned at least seven days ahead as mentioned hereunder to get a permit.

(a) The State or Division Sub-commission concerned for the townships where State or Division Sub-commission office is resided

(b) The District Sub-commission concerned for the townships where District Sub-commission office is resided

(c) The Township Sub-commission concerned for the remaining townships except the townships mentioned in sub-paragraphs (a) and (b)

6. Those political parties that want to assemble and give speeches at their party headquarters or branches shall have to report to the sub-commission concerned at least seven days ahead without necessity to apply for permission.

7. The political parties entitled to apply: In applying for permission according to the paragraph 5, the chairman, the secretary of the party headquarters, state/division, district, or township concerned or a person who takes the same responsibility of the said chairman or secretary shall have to sign the application.

8. Points to be mentioned in the application: In applying for the permit, political parties concerned shall have to mention that they will assemble and give speeches in conformity with the prohibitions, provisions included in the permit and the rules and regulations in addition to the following points in the application.

(a) the planned place

(b) the planned date

(c) starting time and finishing time (estimate)

(d) the number of attendees (estimate)

(e) the names, National Registration Card Nos. and addresses of permitted speaker or speakers

(f) The name, NRC No and address of the applicant

9. Scrutiny to be conducted by the sub-commission concerned: As regards for applying for the permit according to paragraphs 5, 7 and 8, the subcommission concerned:-

(a) shall issue the permit or reject the application after scrutinizing the application as necessary

(b) shall have to mention the following points in the permit if it is to be issued:-

(1) date and venue of the issuance

(2) Starting time and finishing time.

(3) Name, NRC No and address of permitted speaker or speakers.

(c) Rules prohibiting the act of marching to the designated gathering point and the venue holding flags or marching and chanting slogans in procession, and stating to disperse without any slogan-chanting marches at the end of assembling and speeches shall be stipulated in the permit.

(d) The followinpoints shall be stipulated in a permit as necessary:

(1) Not to disturbany public places such as government offices, organizations, factories, workshops, workplaces, markets, sports grounds, religious places, schools and people's hospitals.

(2) Not to exceed the capacity of buildings or halls designated as assembling vanue for speeches (To make the party concerned to take the responsibility to ensure that there is no assembling outside the building or hall).

(3) If a place permitted for assembling and giving speeches is a ground, the number of the attendees shall not exceed the capacity of the ground.

(4) Holding sticks, knives, weapons and ammunition, and any harmful objects are prohibited.

(5) Any acts to disturb traffic or to block roads are prohibited.

(6) The sound amplified by sound boxes shall be just loud enough to hear inside the permitted room or ground in order to avoid public annoyance.

(7) The sound amplifying system shall be used in accordance with the existing rules and regulations as necessary.

(8) Other restrictions as necessary.

(e) The permit to assembly and give speeches shall be issued at least 48 hours before the due time. If the application for assembling and giving speeches is rejected, the rejection shall be informed with the reasons at least 48 hours before the due time for assembling and giving speeches.

(f) If necessary, the rules and regulations enumerated in the permit may be amended or the permit may be revoked for the sake of security, the rule of law and peace.

(g) Potential public places for permission to assemble and give speeches in home regions shall be designated in advance in coordination with Peace and Development Councils concerned.

(h) Measures shall be taken through coordination for Peace and Development Councils and security forces concerned to provide protection in order that the process of assembling and giving speeches cannot be harmed.

(i) Measures shall be taken through coordination for Peace and Development Councils and security forces concerned to make necessary arrangements to ward off any forms of acts that can harm security, the rule of law and community peace.

The right of publication

10. If political parties wish to publish and distribute documents, booklets and pamphlets for public knowledge of their policies, vision and work programmes, they shall strictly follow Directive (42) dated 17 March 2010 issued in accordance with 1962 Printers and Publishers Registration Law by the Central Body for Supervising Registration of Printers and Publishers and Scrutinization of Literary Works.

Prohibitions

11. In assembling, giving speeches and publishing and distributing publications, political parties shall not violate any of the following prohibitions.

(a) acts to harm non-disintegration of the Union, non-disintegration of national unity, and perpetuation of sovereignty,

(b) acts to harm security, the rule of law, and community peace,

(c) failure to respect the constitution of the Union of Myanmar and existing laws,

(d) giving talks and publishing and distributing publications with the intention tarnishing the image of the State,

(e) giving talks and publishing and distributing publications with the intention of breaking up the Tatmadaw or tarnishing the image of the Tatmadaw,

(f) creating literary works, giving talks or taking organizing measures that can spark disputes on racial affairs or religious affairs or individuals or others, and that can harm dignity and morality,

(g) misusing religion for political gains,

(h) Making instigation, giving talks and publishing and distributing publications with the intention of harming peaceful pursuit of education,

(i) Making instigation giving talks and publishing and distributing publications with the intention that government service personnel cannot shoulder their duties with a sense of duty or they take to the streets to protest the government.

12. Political parties shall not be against the existing laws, prohibitions, stipulated in this directive, and principles in the permit in giving talks and publishing and distributing publications on their policies, vision and work programmes.

13. If a political party fails to honour any of the prohibitions in this directive, or any of the rules and regulations in the permit, action will be taken against the party in accordance with not only the existing law but also Political Parties Registration Law.

Conclusion

14. Therefore, political parties are to honour this directive in recruiting new party members, giving speeches and publishing and distributing publications to ensure that the Multi-Party Democracy General Election to be held in 2010 will be free and fair.

Chairman
Union Election Commission